ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန

# မိရိုးဖလာဝက်မွေးမြူရေးခြံများအတွက်
# ကောင်းမွန်သော မွေးမြူရေးကျင့်စဉ်
# Good Animal Husbandry Practices
# (Pig-backyard)

ရက်စွဲ၊ ၂၀၁၈ ခုနှစ် မတ်လ ရက်

# မိရိုးဖလာဝက်မွေးမြူရေးခြံများအတွက်
# ကောင်းမွန်သောမွေးမြူရေးကျင့်စဉ်
# Good Animal Husbandry Practices (Pig-backyard)

## ၁။ ဝက်အမျိုးအစားရွေးချယ်ခြင်း

၁.၁ အောက်ဖော်ပြပါ အခြေခံအချက်အလက်များနှင့် ပြည့်စုံသည့် ဝက်မျိုးများကို ဦးစားပေးရွေးချယ်ရမည် -

- ၁.၁.၁ မွေးမြူမည့်ဒေသနှင့်သင့်လျော်၍ ဖြစ်ထွန်းနိုင်သောမျိုး
- ၁.၁.၂ ထုတ်လုပ်မှုအရည်အသွေးကောင်းသောမျိုး
- ၁.၁.၃ ကြီးထွားနှုန်းကောင်းသောမျိုး
- ၁.၁.၄ ခံနိုင်ရည်ကောင်း၍ အသက်ရှင်မှုနှုန်းကောင်းသောမျိုး
- ၁.၁.၅ ဈေးကွက်တွင် လွယ်ကူစွာရရှိနိုင်သောမျိုး
- ၁.၁.၆ ရောင်းချမှုလွယ်ကူသောမျိုး

## ၂။ မိရိုးဖလာဝက်မွေးမြူရေးနည်းစနစ်များ

၂.၁ အိမ်ခြံမွေးစနစ်ဖြင့် မွေးမြူခြင်း၊

၂.၂ ဝက်လှောင်အိမ်၊ ခြံတည်ဆောက်၍ မွေးမြူခြင်း၊

၂.၃ လွှတ်ကျောင်းစနစ်ဖြင့် မွေးမြူခြင်း၊

## ၃။ နေရာ၊ ခြံအဆောက်အဦပုံစံနှင့် အကျယ်အဝန်း

### ၃.၁ တည်နေရာနှင့်အဆောက်အဦ

- ၃.၁.၁ ခြံနေရာသည် နေရောင်ခြည်ရရှိ၍ ဆင်ခြေလျှောရှိသောနေရာဖြစ်ရမည်။ ရေဝပ်သောနေရာမဖြစ်ရ။
- ၃.၁.၂ သန့်ရှင်းသောရေ လုံလောက်စွာရရှိနိုင်သောနေရာဖြစ်ရမည်။

၃.၁.၃ မြေကြီးအမာခံဖြစ်၍ လူနေအိမ်မြေနှင့် အလှမ်းဝေးလျှင် ပို၍ သင့်လျော်သည်။

၃.၁.၄ အခြားတိရစ္ဆာန်များနှင့် ရောနှောမွေးမြူခြင်းမပြုသင့်ပါ။

၃.၁.၅ ခြံတိုးချဲ့နိုင်ရန်အတွက် မြေပိုရှိသင့်သည်။

၃.၁.၆ မွေးမြူရေးခြံသည် နေရောင်ခြည်နှင့် လေကောင်းလေသန့် ကောင်းမွန်စွာရရှိရမည်။ အပူအအေး၊ ရာသီဥတုဒဏ်ကို ကာကွယ်ပေးနိုင်ရမည်။ အညစ်အကြေးများကို လွယ်ကူစွာ သုတ်သင်ရှင်းလင်းဆေးကြောနိုင်ရမည်။

၃.၁.၇ ဝက်ခြံထဲသို့ နံနက်ပိုင်းတွင် နေရောင်ဝင်နိုင်စေရန် မျက်နှာစာကို အရှေ့ (သို့) အရှေ့မြောက်ဖက်သို့ မျက်နှာမူ၍ ဆောက်လုပ်ရမည်။ ဝက်၏နုတ်သီးဖြင့် တွန်းထိုးခြင်းကိုခံနိုင်သော ပစ္စည်းများဖြင့် ဆောက်လုပ်ရမည်။

၃.၂ ဝက်ကြီး၊ ဝက်လတ်၊ ဝက်ငယ်၊ သားခွဲဝက်ငယ်၊ ဝက်မနှင့် သားငယ်တို့အတွက် နေရာအကျယ်အဝန်းမှာ မွေးမြူထားရှိသည့် ကောင်ရေပေါ်မူတည်ပြီး စံချိန်စံညွှန်းသတ်မှတ်ချက်နှင့်အညီ ဖြစ်ရမည်။

## ၄။ ဝက်ခြံနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

၄.၁ မွေးမြူရေးခြံ အတွင်းနှင့်အပြင် ပတ်ဝန်းကျင်၊ အသုံးအဆောင်ပစ္စည်းများ၊ အစာခွက်များ သန့်ရှင်းမှုရှိရမည်။

၄.၂ တိရစ္ဆာန်နှင့် ပြုစုစောင့်ရှောက်လုပ်ကိုင်သူများ သန့်ရှင်းမှုရှိရန်လိုအပ်သည်။

၄.၃ ဝက်ခြံသည် သန့်ရှင်းခြောက်သွေ့၍ အေးမြသောအရိပ်အာဝါသရှိရမည်။

၄.၄ ငှက်ရိုင်းနှင့်အခြားတိရစ္ဆာန်များမဝင်ရောက်နိုင်အောင်စီမံထားရှိရမည်။

၄.၅ ဝက်ငယ်များကို အနွေးဓာတ်များပေးခြင်း၊ မီးထွန်းပေးခြင်းများ ပြုလုပ်ပေးရမည်။

၄.၆ ဝက်ခြံတွင် ထိခိုက်ဒဏ်ရာရစေမည့်ပစ္စည်းများ မထားရ။

၄.၇ ဝက်ခြံပတ်လည်တွင် ရေနုတ်မြောင်းများ ထားရှိပေးရမည်။

## ၅။ အစာ၊ ရေနှင့်အားဖြည့်ဆေးဝါး

### ၅.၁ အစာ

၅.၁.၁ ဝက်များကျွေးမွေးသော အစာတွင် ဒေသထွက်ပစ္စည်းများဖြင့် အာဟာရဓာတ်ပြည့်စုံစေရန် စီစဉ်ဆောင်ရွက်ရမည်။

၅.၁.၂ ဝက်စာအဖြစ် မီးဖိုချောင်ထွက်ပစ္စည်းများ အသုံးပြုကျွေးမွေးပါက ကျိုချက်ကျွေးမွေးသင့်သည်။

၅.၁.၃ အစာကို အပိုအလိုမရှိ သင့်တင့်မျှတစွာ ကျွေးမွေးသင့်သည်။ သေးငယ်ကြုံလှီသော ဝက်ငယ်များကို သီးခြားအစီအစဉ်ဖြင့် ကျွေးပါ။

၅.၁.၄ အစာခွက်ကို နေ့စဉ်သန့်ရှင်းပေးရန် လိုအပ်သည်။

၅.၁.၅ နို့ပေးဝက်မကြီးနှင့် နို့စို့ဝက်ကလေးများကို သီးခြားစီ ခွဲခြားကျွေးသင့်သည်။

### ၅.၂ အားဖြည့်ဆေးဝါးများ

၅.၂.၁ အစာတွင်ချို့တဲ့သော အဟာရဓါတ်များအတွက် အစားထိုးဖြည့်စွက် ဆေးဝါးကျွေးမွေးသင့်သည်။

### ၅.၃ ရေ

၅.၃.၁ သောက်သုံးရေသည် သန့်ရှင်းပြီး လိုအပ်သည့်အချိန်တိုင်း ရရှိစေရမည်။

၅.၃.၂ မွေးမြူထားသော ဝက်ကောင်ရေအပေါ်မူတည်ပြီး ရေသိုလှောင်ကန်များ၊ အသုံးပြုပစ္စည်းများ လုံလောက်မှုရှိရမည်။

၅.၃.၃ အစာခြောက်ကျွေးသောစနစ် ကျင့်သုံးပါက သောက်ရေပိုမိုတိုက် ကျွေးရမည်။

၅.၃.၄ ရေကို ခွက်ဖြင့် သီးသန့်ထားပါ။ ရေခွက်အတွင်း ဝက်များ ဝင်ရောက်ခြင်း၊ လဲလျောင်းခြင်း မပြုနိုင်အောင် စီစဉ်ထားရမည်။

၅.၃.၅ ရေခွက်များကို နေ့စဉ်သန့်ရှင်းပေးရန်လိုအပ်သည်။

## ၆။ ကျန်းမာရေးစောင့်ရှောက်မှု

၆.၁ ဝက်ခြံနှင့် ဝက်ခြံပတ်ဝန်းကျင်အား သန့်ရှင်းခြောက်သွေ့အောင်ထားရမည်။ ထုံးဖြူးပေးရမည်။

၆.၂ ရောဂါဖြစ်သောဝက်ကို တစ်နေရာမှတစ်နေရာသို့ ပြောင်းရွှေ့ခြင်းမပြုရ။ ရောဂါဖြစ်နေသော ဝက်နှင့် အခြားဝက်များကို သီးသန့်ခွဲထားရမည်။ သေဆုံးသောဝက်ကိုမီးရှို့ခြင်း (သို့) တွင်းနက်နက်တူး၍ မြေမြှုပ်ခြင်းများကို ဆောင်ရွက် ရမည်။

၆.၃ ရောဂါဖြစ်သောဝက်ကို ဆေးကုသခြင်းနှင့် ရောဂါမဖြစ်သေးသောဝက်ကို ကာကွယ်ဆေးများထိုးခြင်း ပြုလုပ်ပေးရမည်။

၆.၄ ကပ်ပါးသန်ကောင်များ တွယ်ကပ်ပါကလည်း သင့်တော်သည့်သန်ချဆေးများ စနစ်တကျတိုက်ကျွေးရမည်။

၆.၅ ရောဂါဖြစ်ပွားလျက်ရှိသည့် ခြံအတွင်းသို့ လူအဝင်အထွက် ကန့်သတ်ရမည်။

၆.၆ ရောဂါဖြင့် သေဆုံးသော ဝက်များ၏ခြံကို ပိုးသတ်ဆေးများ ပက်ဖျန်း၍ သန့်ရှင်းရေးပြုလုပ်ပြီး အနည်းဆုံး နှစ်ပတ်ကြာမှ ဝက်အသစ် ထပ်မံထည့်ရမည်။

၆.၇ ဝက်အသစ်ဝယ်ယူလိုပါက ကာကွယ်ဆေးထိုးပြီးသောဝက်များကို ဝယ်သင့်သည်။ ဝက်အသစ်များမထည့်မီ တစ်ပတ်ခန့် သီးခြားခွဲထားပြီး ရောဂါမရှိ ကြောင်းသေချာမှသာ ဝက်ခြံထဲသို့ထည့်ရမည်။

## ၇။ စာရင်းဇယားများ၊ မှတ်တမ်းများထားရှိခြင်း

၇.၁ မွေးမြူရေးခြံတွင် အောက်ဖော်ပြပါ မှတ်တမ်းများထားရှိရမည် -

၇.၁.၁ မွေးမြူထားရှိကောင်ရေစာရင်း
၇.၁.၂ မတည်ရင်းနှီးငွေစာရင်း
၇.၁.၃ ရောင်းချမှုစာရင်း
၇.၁.၄ မွေးဖွားခြင်း / သေဆုံးခြင်းဆိုင်ရာမှတ်တမ်း
၇.၁.၅ သားတင်သားစပ်၊ သားပေါက်မှတ်တမ်းများ
၇.၁.၆ ကာကွယ်ဆေးထိုးခြင်းနှင့် ဆေးကုသခြင်းမှတ်တမ်း
၇.၁.၇ လည်ပတ်အသုံးစရိတ်များစာရင်း
၇.၁.၈ ဝင်ငွေရရှိမှုနှင့် အရှုံးအမြတ်စာရင်းများတွက်ချက်မှု